နန့်တောင်းဆည်ကျေးရွာ

မိုးညှင်းမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၆ - ၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

နန့်တောင်းဆည်ကျေးရွာ၊ မိုးညှင်းမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ

## မာတိကာ


မာတိကာ ၁

အတိုကောက်စကားလုံးများ ၄

စကားချီး ၅

နန့်တောင်းဆည်ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ မိုးညှင်းမြို့နယ် ၇

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် ၈**

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၈

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၀

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၃

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၈

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၂၀

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၂၁

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၃
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၈

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၉
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၃၀
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ ၃၃**

(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား
ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၆ ဥစ္စာဓနအဆင့် အခြေအနေ
ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ
ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

(၂) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃-က စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ
ဇယား ၂၃-ခ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှုနှင့် အာဟာရဆန်းစစ်မှု
ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ဇယား ၃၇ သောက်သုံးရေရရှိနိုင်မှု

ဇယား ၃၈ အိမ်သာ အမျိုးအစား

ဇယား ၃၉ ကျား-မ ကိစ္စရပ်ဆိုင်ရာ

ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ

ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ

ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ

ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ

ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ

ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု

ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၆၇**

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

**နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၆၉**

**ကိုးကားစာရင်း ၇၄**

အတိုကောက်စကားလုံးများ

AIDS ခုခံအားကျဆင်းမှုရောဂါ

DRD ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

HIVခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ်

MADB မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်

MEB မြန်မာ့စီးပွားရေးဘဏ်

MMK မြန်မာကျပ်

MoALI စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

NGO အစိုးရမဟုတ်သောအဖွဲ့အစည်း

PRA ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း

SLRD ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန

STD လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ

PTA မိဘဆရာအသင်း

TB တီဘီရောဂါ

VDG ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံညာဏ်များကို တက်တက် ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက် ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီး ဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်း စဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများ မှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊

ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက ်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် ဝ် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

စက်တဘာ၊ ၂၀၁၆

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
နန့်တောင်းဆည်ကျေးရွာ
မိုးညှင်းမြို့နယ်

## နန့်တောင်းဆည်ကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ မိုးညှင်းမြို့နယ်



# အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

## ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွနုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလ အပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

**အစိုးရနှင့် အခြားအဖွဲ့အစည်းများအတွက် အသုံးဝင်မှု**

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရ မဟုတ်သောအဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှုပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများပြုလာနိုင်ပါမည်။

## ၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင်တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကိုအခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့်ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက် သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

**၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ**

**(က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား**

ကျေးရွာသည် မိုးညှင်းမြို့နှင့်ဖားကန့်မြို့ဆက်သွယ်ရာ ကားလမ်းပေါ် တည်ရှိပြီး အုပ်ချုပ်ရေး ရုံးစိုက်ရာ ညောင်ပင်ကျေးရွာနှင့်ဆက်သွယ်သွားလာရလွယ်ကူသည်။ကျေးရွာသည် မြေပြန့် ဒေသတွင် တည်ရှိပြီး အင်းတော်ကြီး အိုင်ကြီးနှင့်နီးကပ်စွာ တည်ရှိသောရွာဖြစ်ပါသည်။အဓိက သက်မွေး ဝမ်းကျောင်းလုပ်ငန်းများမှာ စိုက်ပျိုးရေးနှင့် ရေချိုငါးဖမ်းလုပ်ငန်းများနှင့်ကျပန်း အလုပ် များ ဖြစ်ကြသည်။ဒေသ၏ တစ်နှစ် ပျှမ်းမျှ မိုးရေချိန် လက်မမှ ၆၀ မှ ၉၀ ဝန်းကျင်တွင်ရှိပြီး စိုက်ပျိုးရေး လုပ်ငန်းများအတွက် ရေအခက်အခဲအားဖြင့် စိုက်ပျိုးရေမှာ ထွက်နှုန်းလျော့နည်းခြင်း ဖြစ်ပါသည်။ကျေးရွာတည်ရှိရာသည် မြေပြန့်တွင် တည်ရှိပြီး ဆားငန်ရေဝင်ရောက်မှု မရှိကင်းလွတ် သည်။ကျေးရွာအနီးတွင် တောတောင်ချောင်းများရှိပြီး မြေပြင်အနေအထားမှာ မြေပြန့်ဖြစ်သည်။ လယ်ယာမြေများသည် စပါး၊ပဲစိုက်၊နှမ်းစိုက်၊ဆီ၊မုန့်ညှင်းများစိုက်ပြီး သက်မွေးဝမ်းကျောင်းအတွက် အဓိကလုပ်ကိုင်ကြသည်။

**(ခ) သဘာဝအရင်းအမြစ်**

လယ်ယာမြေ အသင့်အတင့်ရှိပြီး မြေပြန့်ဒေသဖြစ်ကာ မြေဆီ အသင့်အတင့် ကောင်းမွန် သည်။ကျေးရွာတွင် သဘာ သယံဇာတ မထွက်ရှိပါ။တောင်သူအချို့မှာ ဆည်ရေလှောင်တမံမှ ဆည် ရေဖြင့် လယ်မြေကေ(၈၀)ခန့်ကိုသာ ရေသွင်းစိုက်ပျိုးနိုင်သည်။မြေအောက်ရေ ရရှိမှုနည်းသည်။ထွန် ယက်စိုက်ပျိုးနိုင်သည့် ဧက(၁၂၀)ဧကရှိပြီး စပါးကို အဓိက စိုက်ပျိုးကြသည်။

**၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**

**(က) လူဦးရေဆိုင်ရာအချက်အလက်များ**

အိမ်ထောင်စုပေါင်း(၃၈)စုနှင့် ကျား(၁၀၂)၊မ(၈၄)ဦးဖြင့် လူဦးရေပေါင်း(၁၈၆)ဦးရှိကာ တစ် အိမ်ထောင်လျှင် ပျှမ်းမျှ(၂.၆)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင် ပျှမ်းမျှနှုန်း ၅ ဦးထက်လျော့

နည်းသည်။ကျေးရွာတွင် ဗမာ၊ရှမ်း၊ရခိုင်၊ကချင်လူမျိုး ပေါင်းစုံနေထိုင်ကြပြီး အလုပ်လုပ်နိုင်သော အရွယ်သည် ကျေးရွာရှိ လူဦးရေပေါင်း၏ ၄%ခန့်ရှိသဖြင့် လူသားအရင်းအမြစ်ကောင်းတစ်ရပ်ဖြစ်ကာ လူငယ်များ ကလေးများကို လေ့ကျင့် သင်ကြားပေးပြီး ဒေသစီးပွားရေး တိုးတက်အောင် စွမ်းဆောင်နိုင်ခြင်းမရှိပါ။အလုပ်လုပ်နိုင်သော အရွယ်ရှိ အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် ၄.၃%မျှပိုနည်းသည်။

## (ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အခိက ဝင်ငွေလုပ်ငန်းသည် ရေလုပ်သားနှင့်ကျပန်း အလုပ်ဖြစ်ပြီး တစ်ရွာလုံး၏ဝင်ငွေအနေအထားမှာ သာမန်အားဖြင့် လျော့နည်းသည်။ဆင်းရဲချမ်းသာ အဆင့် သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ ၂၈% သည်ဆင်းရဲနှင့်အလွန်ဆင်းရဲ အိမ်ထောင်စုအဖြစ် ခံယူကြပြီး ၄%သည် ချမ်းသာသည့် အဆင့် ၆% သည် အလယ်အလတ် အဆင့်အားဖြင့် သတ်မှတ်နိုင်သည်။ကျေးရွာတွင် ရွာ၏ အနီးအနားမှာ တောင်ယာ၊လယ်ယာ မြေများရှိသော်လည်း နေရာရှိသော သူသာလျှင် ပိုင်ဆိုင်ပြီး မရှိသောသူသည် လုံးဝမရှိ၊စိုက်ပျိုးမည့် နေရာ မရှိသောကြောင့် ကျပန်းနှင့်ဝမ်းစာဖူလုံမှုမရှိနိုင် ပြီး စီးပွားရေးအနေအထားမှာ မကောင်းပါ။ချောင်လည်သော အိမ်ထောင်စုများသည် လယ်သမားအိမ်ထောင်စုများအပြင် အိမ်ထောင်အချို့မှာလည်း လက်သမား၊သစ်ခွဲစက် စသော အသေးစား အိမ်တွင်းလုပ်ငန်းများလည်း ဆောင်ရွက်ကြသည်။ငွေချေးသော သူနှင့်ငွေချေးပေးသော အိမ်ထောင်စုများလည်း ငွေတိုးမှန်မှန် မပေးနိုင်သောကြောင့် အဆင်မပြေကြပါ။

ယင်းတို့အနက် ဆင်းရဲသောအဆင့်သည် ကျေးရွာတွင် အများဆုံးဖြစ်ပြီး မြေယာမဲ့များနှင့် အနည်းငယ် ပိုင်သော လယ်သမားများ၊လက်လုပ်လက်စား၊ကျပန်း လုပ်စားသောသူ၊ဆောက်လုပ်ရေးလုပ်ငန်းခွင် လုပ်သားများနှင့်မြေယာမဲ့ အိမ်ထောင်စုများဖြစ်သည်။ကျေးရွာတွင် မြေယာမဲ့ အိမ်ထောင်စု အရေအတွက် မြင့်မားပြီး(၃၂%)ထိရှိကာ ဆင်းရဲ၊အလွန်ဆင်းရဲအဆင့်ရှိ အိမ်ထောင်စုများဖြစ်ကြသည်။

## (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင် မြေယာမဲ့ အိမ်ထောင်စုများပြားကြသည်မှာ လယ်ယာလုပ်ငန်း၊ဆောက်လုပ်ရေးလုပ်ငန်း၊သစ်ခွဲစက်၊ရေလုပ်သား‌ငါးဖမ်းလုပ်ငန်းများလုပ်ကိုင်ရှာဖွေ ကြသည်။ကျေးရွာမှာ ဆင်းရဲနှင့်အလွန်ဆင်းရဲ အိမ်ထောင်စုများ၏ ၂၈%ဖြစ်သော (၃၀)စုကို လေ့လာ ဆန်းစစ်မှုအရ ယင်းတို့၏ ၂၀%မှာ သူတပါးထံမှ ချေးငှားပြီးမှ နပ်မှန်စားသုံးနိုင်ကြောင်း ၁၅%မှာ သူတပါးထံမှ မချေးမငှားဘဲ သုံးလခန့် စားသုံးနိုင်ကြကြောင်းနှင့်၃၅%မှာ ၄ လမှ ၆လခန့်၊၈%မှာ ၆ လမှ၁၂လခန့် သူတပါးထံမှ ချေးငှားစရာမလိုဘဲ နပ်မှန် စားသုံးနိုင်ကြောင်း တွေ့ရသည်။အကြွေးတင်ရှိမှုတွင်

တွေ့ဆုံခဲ့သော အိမ်ထောင်စုအားလုံးသည် အကြွေးငွေ ၅၀၀၀၀ကျပ်မှ ၁၀ သိန်းကျပ်ထိတင်ရှိနေပါသည်။

အိမ်ထောင်စုအားလုံး၏ ၄%ခန့်သည် အမျိုးသမီးများ ဦးဆောင်အိမ်ထောင်စုများဖြစ်ကြပြီး ထိုအိမ်ထောင်စုများမှ ဆင်းရဲကာ မိသားစု ဦးရေ များပြားကြသည်။အလားတူ အိမ်ထောင်ဦးစီးက ဆေးစွဲပြီး ဆေးသမားဘဝနှင့်အားကိုးမရသောသူဖြစ်ပြီး အလုပ်မလုပ်သော အိမ်ထောင်ဖြစ်နေပါသည်။အမျိုးသမီး ဦးဆောင်သော အိမ်ထောင်စု(၃)စုသည် ဆင်းရဲသည်မှာ ထိခိုက်လွယ်သော အိမ်ထောင်စုများဖြစ်ကြသည်။

**(ဃ) ကျန်းမာရေးနှင့် အာဟာရ**

ကျေးရွာတွင် ရွာသားများသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီးအာဟာရ ပြည့်ဝမှုရှိကြသည်။ကလေးငယ် အများ ကျန်းမာပြီး အချို့ ကလေးငယ်များသည် ဝမ်းလျှောရောဂါ အများဖြစ်ကြသည်ကိုတွေ့ရသည်။အမျိုးသမီးများ၊လူငယ်လူရွယ်၊သက်ကြီးပိုင်းများသည် တစ်ကိုယ်ရည်သန့်ရှင်းရေးနှင့်ကျန်းမာရေး အသိတရားရှိကြသည်။ကျေးရွာသားများသည် ကျန်းမာရေးစောင့်ရှောက်မှုများမှာ ကျေးရွာတွင်း မရှိသဖြင့် ညောင်ပင်ကျေးလက်ကျန်းမာရေးဆေးခန်းမှ ၁ မိုင်ကျော် ဝေးပြီး ကားလမ်းဖြင့်သွားလာနိုင်သောရွာဖြစ်ပြီး မြို့နယ်ဆေးရုံသို့ သွားရာမှာ မိုင် ၁၀ မိုင်လောက်ဝေးသောကြောင့် လက်လှမ်းမမီနိုင်ပါ။

**(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အများစုသည် အခြေခံ အရေး၊အဖတ်၊အတွက် ကိုတတ်မြောက်ကြပြီး ဘွဲ့ရသူ မရှိသလောက်ဖြစ်နေပါသည်။ကျေးရွာတွင် အခြေခံ ပညာ မူလတန်းကျောင်းခွဲရှိပါသည်။သက်မွေးဝမ်းကျောင်းမှာ ကျွမ်းကျင်မှုများ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များ အတွက် အလုပ် အကိုင် အခွင့်အလမ်းများနည်းပါးခြင်းဖြစ်ပါသည်။

**(စ) ကျား/မဆိုင်ရာဆက်နွယ်မှု**

ကျေးရွာတွင် ကျား-မ ဆိုင်ရာ အနေအထားမှာ လွတ်လပ်မှုရှိသည်။ကျား-မ ဆိုင်ရာ တာဝန်ယူမှုအပိုင်းတွင် ကျေးရွာ လူမှုအဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းစွာ သတ်မှတ်ထားခြင်း မတွေ့ရပါ။ကျေးရွာတွင် ကျားနှင့်မအကြား ခွဲခြားဆက်ဆံခြင်းကိစ္စများမတွေ့ရပါ။

ကျေးရွာတွင် အမျိုးသား၊အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့်အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိကြသည်။ပညာရေးနှင့်ဆိုင်သော ကိန်းဂဏာန်းများတွင် စာမတတ်

သူလည်းများပြီးမိန်းကလေးအရေအတွက်သည်ယောက်ကျားလေးအရေအတွက်သည် ယောက်ကျားလေးထက်နည်းသည်။အလယ်တန်းနှင့်အထက်တန်းမှာ မ အရေအတွက် က ကျားထက်ပိုများပြီး ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာ အမျိုးသားများထက်ကောင်းသည်။ကျေးရွာတွင် နေ့တွက်လုပ်အားခငွေများမှာ အတူတူရကြသည်။ကျေးရွာ၏ အုပ်ချုပ်ရေး အဖွဲ့အစည်းများတွင် မှာ နာခံခြင်းမရှိဘဲ အထင်သေးအမြင်သေးအပြုအမူနှင့်အတူ အမျိုးသမီးများပါဝင်မှုမရှိကြသည်ကိုတွေ့ရသည်။အသိပညာပေးခြင်းများ မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား-မ တန်းတူဖွံ့ဖြိုးမှုမှာ ပိုမိုအထောက်အပံ့ဖြစ်လာနိုင်ပါသည်။

## ၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် လူမှုရေးဆိုင်ရာ အဖွဲ့အစည်း(၅)ဖွဲ့ရှိသည်။ယင်းတို့မှာ ဘာသာရေးနှင့်စာပေ ယဉ်ကျေးမှုဆိုင်ရာ(၂)ဖွဲ့နှင့် စီးပွားရေးဆိုင်ရာအဖွဲ့အုပ်ချုပ်ရေးပိုင်းဆိုင်ရာနှင့်ပြင်ပမှ ဖွဲ့စည်းဆောင်ရွက်ပေးသောအဖွဲ့များဖြစ်ကြသည်။အမျိုးသမီးရေးရာ ဆိုင်ရာအဖွဲ့မှာ လှုပ်ရှားဆောင်ရွက်မှုအားနည်းပါသည်။ကျေးရွာရှိ အဆိုပါ အဖွဲ့အစည်းများ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ချိတ်ဆက်ဆောင်ရွက်မှုအားနည်းခြင်းကြောင့်တွေ့ရသည်။အဖွဲ့အစည်းများ စွမ်းဆောင်တိုးတက်မြှင့်တင်လာနိုင်ရေးအတွက် သင်တန်းများ လုပ်ဆောင်ပေးနိုင်ပါက ဖွံ့ဖြိုးတိုးတက်လာပြီး စီမံအုပ်ချုပ်မှု ပိုမို တိုးတက်ကောင်းမွန်လာနိုင်မှာကို တွေ့မြင်နိုင်ပါသည်။

### (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် စပါးနှင့်ကျပန်း အလုပ်ကို အဓိက ထားစိုက်ပျိုးလုပ်ဆောင်ကြပါသည်။မိုးစပါးစိုက်ဧေ (၁၂၀)လောက်ရှိပြီး မိုးစပါး ပျှမ်းမျှ အထွက်မှာ(၄၆.၃)တင်း၊နွေစပါး(၄၀)တင်းထွက်ရှိကြသည်။စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုများ မရရှိကြပါ။စိုက်ပျိုးရေးပစ္စည်းများအတွက် ဝန်ဆောင်မှုများလည်း မရရှိကြပါ။တောင်သူများအတွက် လုပ်ငန်းခွင် နေရာ မရှိသလောက်ပြဿနာကို ရင်ဆိုင်နေရပါသည်။နေရာရှိသော်လည်း ပိုင်ရှင်တွေဘဲဖြစ်နေသော၊ပိုင်ရှင်ရှိသော်လည်း လုပ်စားခြင်း၊ရှင်းလင်းလုပ်ဆောင်ခြင်းမရှိနေရာ အများ ဦးထားကြပြီး တောင်ယာလုပ်ကိုင်စားဖို့နေရာမဲ့ ဖြစ်နေကြသည်ကိုတွေ့ရပါသည်။

ကျေးရွာတွင် ဝက်မွေးသူ အိမ်ထောင်စုအရေအတွက်မှာ တစ်ရွာလုံး ၏ ၁၅% ဝန်းကျင်သာရှိကြပြီး ကြက်မွေးသည့် အိမ်ထောင်မှ ၂၃%ခန့်ရှိပြီး ဈေးကွက်တွင် အသင့်အတင့်ရှိကြသည်။ရာသီအလိုက်ဖြစ်ပွားတတ်သော တိရစ္ဆာန် ရောဂါများကြောင့် ကြက်မျိုးပျောက်သွားလောက်အောင်ဖြစ်တတ်သည်မှာ ကြက်လည်လိမ်ရောဂါကြောင့်လည်း သေဆုံးမှုများဖြစ်တတ်သည်။နည်းပညာဝန်

ဆောင်မှုကို မြို့နယ်မွေးကုဦးစီးဌာနမှလည်း မရရှိကြပါ။မွေးမြူရေးလုပ်ငန်းပိုင်းဆိုင်ရာ အဟန့်အတားများအနေဖြင့် ဆင်းရဲသော အိမ်ထောင်စုများသည့်အပြင် မွေးမြူရေးလုပ်ငန်းထပ်၍ တိုးချဲ့ဆောင်ရွက်ရန် ချေးငွေများကို အလွယ်တကူ မရရှိနိုင်ကြချေ။ရွာတွင် ငွေချေးသူများထံမှ ချေးငှားလျှင်လည်း ငွေတိုးနှုန်းမှာ မြင့်မားသဖြင့် ငွေတိုးမှာ အတိုးပေးခြင်းအားဖြင့် ငွေရင်းပြန်မဆပ်နိုင်သဖြင့် အကြွေးဘဝမှ မလွတ်နိုင်ပါ။ကျေးရွာတွင် မွေးမြူရန် ရေမြေနေရာများ အဆင်ပြေမှုရှိသည့် လုပ်ငန်းလုပ်နိုင်ဖို့ ငွေကြေးမတတ်နိုင်သောကြောင့် မလုပ်နိုင်သည်ကို တွေ့ရပါသည်။

## (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းထုတ်ကုန်လုပ်ငန်းများမရှိပါ။အခြားဝင်ငွေရလုပ်ငန်းမှာ နေ့စားအလုပ်များ၊ရွှေတူးဖော်ရေးလုပ်ငန်းများ၊ဈေးရောင်း၊ကယ်ရီပြေးဆွဲ လုပ်ငန်းများနှင့်ရေချိုငါးဖမ်းလုပ်ငန်းများဖြစ်ကြပါသည်။လက်လုပ်လက်စား အလုပ်များမှာ စိုက်ပျိုးရာသီအချိန်မှာ လယ်အငှားဝင် နေ့စားဝင်လုပ်ပြီး ကျန်အချိန်များတွင် အလုပ်အကိုင် နည်းပါးသောကြောင့် ဝင်ငွေနည်းပါးပါသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေ များပြားပြီး လုပ်နိုင်သူရှိသောကြောင့် ထိုအခြေအနေမှာ ကျေးရွာ၏ အလားအလာ ကောင်းတစ်ရပ်ဖြစ်သည်။မြို့ပေါ်တွင် သက်မွေးဝမ်းကျောင်းသင်တန်း ဝန်ဆောင်မှု ပေးသော သင်တန်းရှိသော်လည်း မတက်နိုင်ကြပါ။ဆံပင်၊အလှပြင်၊မုန့်လုပ်နည်း၊အပ်ချုပ်၊မော်တော်ဆိုင်ကယ်ပြင်၊ပန်းထိုး၊မိုဘိုင်းဖုန်းပြင်များသည် သက်မွေးဝမ်းကျောင်းသင်တန်းများဖြစ်ကြသော်လည်း ရွာသားများလူငယ်များသည် ထိုသင်တန်းများနှင့်ဝေးကြပါသည်။သင်တန်းတက်နိုင်ဖို့ စရိတ်အကုန်အကျ ငွေကြေးမရှိ ၊အိမ်ထောင်တွင် အခက်အခဲများပြီး အချိန်မပေးနိုင်ကြချေ။ငွေကြေးအဆင်ပြေသော အိမ်ထောင်နည်းပါးကြောင်းတွေ့ရပါသည်။

## (ဃ) သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာတွင် စပါးများ စိုက်ခင်းတွင် ဓါတုမြေသြဇာသုံးစွဲမှုများပြားသဖြင့် မြေဆီလွှာ အရည်အသွေး ကျဆင်းနေပါသည်။တောင်သူများအားဖြင့် ပေါင်းသတ်ဆေး၊ဓါတုပိုးသတ်ဆေးများသုံးစွဲမှုများသောကြောင့် မြေဆီခန်းခြောက်ပြီး စပါးများ အထွက်နည်းခြင်းဖြစ်သည်။စွန့်ပစ်ပစ္စည်းများအားဖြင့်လည်း ပလတ်စတစ်အိတ်ခွံ၊ဗူးခွံများ အိတ်ခွံဟောင်းများ စနစ်တကျ မစွန့်ပစ်သောကြောင့် သဘာဝပတ်ဝန်းကျင် မှာ ပျက်စီးနေခြင်း တွေ့ရသည်။အသိပညာပေးသော သင်တန်းများ မြှင့်တင်ဆောင်ရွက်ပေးနိုင်လျှင် တိုးတက်နိုင်ပါသည်။

### (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှ တောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသော ချေးငွေကို တစ်နှစ်အတိုးနှုန်း(၄)ကျပ်တိုး၊တစ်ဧက ၁ သိန်းကျပ်နှုန်းဖြင့် အများဆုံး ဆယ်ဧကအတွက် ချေးယူနိုင်ကြပါသည်။တချို့အိမ်ထောင်စုများမှာ ရွာထဲမှ ငွေတိုးချေးစားသူများထံမှ တစ်လအတိုးနှုန်း ၂၀%အားဖြင့်လည်းကောင်း၊မိတ်ဆွေ၊အိမ်နီးချင်းများထံမှ လတိုးနှုန်း ၁၀%ခန့်ဖြင့် ချေးယူပြီးလုပ်ဆောင်ကြပါသည်။

ကျေးရွာသားအများစုမှာ ချေးယူငွေကို (ကျန်းမာရေး၊ရိက္ခာ၊ပညာရေး)များအတွက် နှင့်စားနပ်ရိက္ခာအတွက် ချေးယူပြီး အများအပြားက ချေးငွေနှင့်စားသုံးကြကြောင်းတွေ့ရသည်။ကျေးရွာတွင် အကြွေးထားရှိမှုအနေအထားကို လေ့လာဆန်းစစ်ချက်များအရ ဆင်းရဲနှင့်အလွန်ဆင်းရဲ အိမ်ထောင်စုများအားလုံးသည် အကြွေးနှင့်ကင်းသူမရှိသဖြင့် အကြွေးငွေ ၅၀၀၀၀ကျပ်မှဆယ့်ငါးသိန်းအထိ ချေးယူထားကြောင်း တွေ့ရသည်။အိမ်ထောင်စုများ၏ ၃၀%သည် အကြွေးငွေ ငါးသိန်းအောက်ချေးယူထားပြီး ၂% သည် ငါးသိန်းအထက် ချေးယူထားကြောင်း တွေ့ရှိရပါသည်။

### (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် တည်ရှိသော မူလတန်းခွဲကျောင်းသည် (၄၅)အရှည်(၂၀)ပေ၊အကျယ်(၁၂)ပေရှိ သွပ်မိုး၊ဝါးထရံကာ နှင့်အခင်းမှာ ပျဉ်ခင်းကျောင်းဆောင်တွင်သင်ကြားနေပါသည်။ရွာသား အားလုံးမှာ ရေးတတ်ဖတ်တတ် သင်ထားနိုင်ပြီး ၁% မှာ စာမတတ် ၁%မှာ ဘုန်းကြီးကျောင်းပညာရေးကို သင်ယူထားကြပါသည်။မူလတန်းကျောင်းအောင် ရာခိုင်နှုန်းသည် အသင့်အတင့်ရှိပြီး၊ယခုနှစ်ကျောင်းအပ်နှံနှုန်းထားသည် အလယ်တန်းအရွယ်ထက် မူလတန်းကျောင်းဦးရေ ပိုများကြောင်း တွေ့ရပါသည်။မူလတန်းတွင် (၁၀)နှစ်အောက်ကျောင်းသားများ ဖြစ်ကြသည်။မူလတန်းပြဆရာ(၂)ဦးရှိပါသည်။ကျောင်းဖွင့်ရာသီက မူလတန်းကျောင်းသား/သူများအား ပြဋ္ဌာန်းစာအုပ်များနှင့်လေ့ကျင့်ခန်းစာအုပ်များကို အခမဲ့ ပံ့ပိုးမှုကို ရရှိကြသည်။

ကျေးရွာတွင် ကျေးလက်ကျန်းမာရေး ဆေးပေးခန်းမရှိပါ။ကျေးရွာများအတွက် ကျန်းမာရေးဝန်ဆောင်မှု လက်လှမ်းမမီနိုင်ပါ။နန့်တောင်းဆည်ကျေးရွာသည် လျှပ်စစ်မီးရရှိသောရွာဖြစ်ပါသည်။

ကျေးရွာတွင် သောက်ရေအတွက် ရေတွင်းကို အသုံးပြုကြပါသည်။အလယ်အလတ်အိမ်ထောင်စုများသည် အိမ်သာကို ကျင်းတူး ပျဉ်နှင့်ဆောက်လုပ်ထားကြပြီး ဆင်းရဲသော အိမ်ထောင်စုများသည် မော်တာဖြင့်ကာပြီးဆောက်လုပ်ထားပါသည်။တစ်ရွာလုံးနီးပါးသည် ယင်လုံ အိမ်

သာလုပ်ထားပြီးသုံးစွဲကြပါသည်။စာသင်ကျောင်း တွင် ကျောင်းအိမ်သာမှာ စနစ်တကျ မဆောင်ထားနိုင်သေးပါ။ကျောင်းသူ/သားများအတွက် အသုံးပြုရန် အခက်အခဲဖြစ်နေပါသည်။

**(ဆ)လူငယ်နှင့် ယဉ်ကျေးမှု**

လူငယ်များအတွက် အပန်းဖြေ အနားယူနေရာနှင့်စိတ်ဖြေနေရာများ သီးသန့်မရှိပါ။ကျေးရွာရှိ လူမှုရေး၊ဘာသာရေးပွဲတော်များနှင့်စာပေယဉ်ကျေးမှုပွဲတော်များတွင် အကပဒေသာ အားဖြင့်ပါဝင်ကာ ရိုးရာအကများတွင်ပါဝင် တင်ဆက်ကြပါသည်။ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းသီးသန့်မရှိကြသေးပါ။

**(ဇ) အခြေခံ အဆောက်အဦး - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး**

ကျေးရွာတွင်လမ်းမသည် ၂၀၁၄ ခုနှစ်မှာ မြို့နယ်ဆောက်လုပ်ရေးဝန်ကြီးဦးစီးဌာနကခင်းပေးပါသည်။ကျေးရွာအတွင်းမှာ မြေလမ်းဖြစ်ပြီး မိုးရာသီတွင် သွားလာခက်ခဲပါသည်။

ကျေးရွာတွင် လျှပ်စစ်မီးကို ၂၀၁၆ ခုနှစ်(၃)လပိုင်းလောက်က ဆက်သွယ်ပေးထားခြင်းဖြစ်ပြီးကျေးရွာရှိ အိမ်ထောင်စုအားလုံး၏၄%ခန့်သာ သွယ်တန်းအသုံးပြုနိုင်ပါသည်။ကျေးရွာတွင်မိုဘိုင်းဖုန်းဆက်သွယ်ရေးကိုအသုံးပြုရာ ကောင်းမွန်ကြောင်းတွေ့ရပါသည်။ရွာအတွင်း အင်တာနက်အသုံးပြုမှု အသင့်အတင့်ရရှိနိုင်သည်။သတင်းများကို ချိတ်ဆက်အသုံးပြုနိုင်ပါသည်။ကျေးရွာတွင်စာကြည့်တိုက်မရှိပါ။ဂျာနယ်ရောင်းသူ/ဖတ်သူလည်းမရှိပါ။

**(ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင် ရာဇဝတ်မှုခင်း၊ခိုးမှုများ ဖြစ်တတ်ပါသည်။ကျေးရွာ ကုန်စည်ကူးသန်းရောင်းဝယ်ရေးအသင့်အတင့်ချောမွေ့စေသည်။ရွာသူ/သားများသည် မိုဘိုင်းဖုန်းဆက်သွယ်ရေးမှာ အသုံးပြုခြင်းမှာ ကောင်းမွန်ပြီး သတင်း အချက်အလက်များလိုအပ်သလို ဆက်သွယ် သတင်းရယူနိုင်ပါသည်။ကျေးရွာတွင် သဘာဝ ဘေးအန္တရာယ်လျှော့ချရေး အတွက် သီးသန့် ရေးဆွဲစရာမရှိပါ။ကျေးရွာတွင်းမှာ ရဲစခန်းသို့နှင့်ချိတ်ဆက်မှုခက်ခဲမှုရှိပါသည်။

**၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ် မှုများ**

**(က) ဖွံ့ဖြိုးရေး အတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ**

ကျေးရွာတွင် လျှပ်စစ်မီးကို မဟာဓါတ်အားလိုင်းမှ ချိတ်ဆက်သုံးစွဲနိုင်ပါသည်။ကျေးရွာတွင် ၃%သာ မီးရရှိသောကြောင့်ကျန်အများအိမ်ထောင်စုက ထင်းအားဖြင့် အသုံးပြုကြသည်။ရွာသူ/သား

အများက ဆိုလာ၊ဖယောင်းတိုင်များ အသုံးပြုကြကြောင်း ကျောင်းသူ/သားများစာဖတ်ရာတွင် အခက် အခဲများကြုံတွေ့ရပါသည်။

လူငယ်အများရှိပြီး ပညာမတတ်မြောက်ကြပါ။၆%မှာ အလုပ်လုပ်နိုင်သည့်အရွယ်များဖြစ်ကြသည်။ဘွဲ့ရသူမရှိသေးပါ။သက်မွေးဝမ်းကျောင်းသင်တန်းများကို လူငယ်များအတွက် လေ့ကျင့်သင်ကြားပေးခြင်းအားဖြင့် လူသားရင်းမြစ် တိုးတက်ကောင်းမွန်နိုင်မည်။ကျေးရွာတွင်ကျန်းမာရေးဆေးပေးခန်းမရှိ၊ပံ့ပိုးပစ္စည်းနှင့် ဝန်ဆောင်မှုများ လက်လှမ်းမီနိုင်ခြင်းမရှိကြပါ။ကျေးရွာသူ/သား များသည် စိုးရိမ်ရသော ရောဂါများအတွက် ဆေးဝါးကုသမှုအတွက် လုံးတုံ တိုက်နယ်ဆေးရုံ၊မိုးညှင်းမြို့နယ်ဆေးရုံများတွင် သွားလာကုသခံယူရပါသည်။ကျေးရွာတွင် စာသင်ကျောင်း အတွက် ပံ့ပိုးပစ္စည်းများ လက်ရှိပညာရေးအနေအထားအတွက် မရရှိကြပေ။ကျောင်းဆရာများကို ဆန်များဖြင့် ပံ့ပိုးကူညီပေးပြီး၊ဆရာများ(၁၀)လပိုင်းကျောင်းပညာ ဆက်တက်နိုင်ဖို့ ဆရာမများ ကျေးရွာမှ ငွေကောက်ခံပြီး (၁)လရှစ်သောင်းဖြင့် ငှားယူရခြင်းကိုတွေ့ကြုံရသည်။

သဘာဝအရင်းအမြစ်များတွင် လယ်မြေများသည် မြေပြန့်ဖြစ်ပြီး မြေသြဇာအတော်အသင့်ရှိသည်။လယ်ထွက်ကုန်များကို အလွယ်တကူ သယ်ယူပို့ဆောင်ပေးပါသည်။မိုးရွာသွန်းမှုမှာ စပါး အထွက် အထောက်အပံ့ဖြစ်သည်။ကျေးရွာသည် ရေရရှိရန် ဘက်ဖိုးငှားပြီး ဆည်မြောင်းလုပ်ယူရပါသည်။ကူးသန်းသွားလာရေးအတွက် ကတ္တရာ လမ်းအားဖြင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပါသည်။

ကျေးရွာတွင် မွေးမြူရေး ဈေးကွက်ကောင်းသဖြင့် ကြက်၊နွား၊ကျွဲများကို တိုးချဲ့မွေးမြူရန် အခွင့်အလမ်းကောင်းသည်။မွေး/ကုဦးစီးဌာနမှ လိုအပ်သော နည်းပညာပိုင်းနှင့်ငွေကြေးများပံ့ပိုးမှုများကို ဆောင်ရွက်ပေးနိုင်ရင် တိုးတက်ဖွံ့ဖြိုးလာနိုင်ပါသည်။

### (ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

ကျေးရွာရှိ လယ်ယာမြေများမှာ မြေဆီလွှာမှာ အသင့်အတင့်ကောင်းမွန်သည်။ရေလိုအပ်ခြင်းနှင့်မျိုးလိုအပ်ပါသည်။လယ်ယာမြေ ထပ်မံတိုးချဲ့ရန် မဖြစ်နိုင်သဖြင့် လယ်သမားများအတွက် စပါးတိုးနှုန်းမြင့်အောင် အားစိုက်ရန် အခက်အခဲကြုံနေရသည်။

သုံးဖို့ဆည် ရေလှောင်တမံမှ ရေသွယ် စိုက်ပျိုးနိုင်သော်လည်း ရေသွယ်မြောင်းတိုးချဲ့ဆောက်လုပ်ပြီး ရေသွင်းစိုက်ပျိုးနိုင်မည့် စိုက်ဧက တိုးတက်လာစေရန် ဆောင်ရွက်ရန်လိုအပ်ပါသည်။မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ ရေရရှိရေးနှင့်တောင်သူများအနေဖြင့် ဘက်စုံဖွံ့ဖြိုးရေးအတွက် လုပ်ဆောင်နိုင်ဖို့ အထောက်အပံ့များ ရရှိရန် လိုအပ် ပါသည်။

ကျေးရွာတွင် အိမ်တွင်းလက်မှု ကုန်ထုတ်လုပ်ငန်းမရှိသဖြင့် အလုပ်အကိုင်နှင့်ဝင်ငွေပုံမှန် ရရှိရေးအတွက် ကန့်သတ်မှုရှိနေပါသည်။

**၆။ ပန်းတိုင်နှင့် မဟာဗျူဟာ**

**(က) ဖွံ့ဖြိုးရေးပန်းတိုင်**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီး လာမည့်ငါးနှစ်တာကာလ အတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

က.၁) ကျွန်ုပ်တို့ကျေးရွာသူ/သားများသည် အလုပ်အကိုင်များ တီထွင်ခြင်း၊သက်မွေးပညာသင်တန်း များရရှိခြင်းမှ ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွားရေး အနေအထား တိုးတက်လာမှာဖြစ်ပါသည်။

က.၂) ကျေးရွာသူ/သားများသည် စာတတ်မြောက်ခြင်းမှာ ပိုမိုကောင်းမွန်ပြီး ပညာရေးအဆင့်မြင့် သော ကလေးငယ်များဖြစ်ပြီး လူသားဆိုင်ရာ စွမ်းဆောင်ရည်မှာ ကျယ်ဝန်းကျော်ကြားလာစေရ မည်။

က.၃) ကျေးရွာသူ/သားများသည် စီးပွားရေးအုပ်စုနှင့်သက်မွေးဝမ်းကျောင်းနှင့် ဖွဲ့စည်းကာ ကျေးရွာ အဖွဲ့အစည်းများ၏ စွမ်းဆောင်မြင့်မားမှုမှ ဖွံ့ဖြိုးတိုးတက်သောရွာဖြစ်လာရမည်။

**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

ခ.၁) ကျေးရွာတွင် အရင်းအနှီးငွေ၊နည်းပညာနှင့်နည်းပညာအသုံးချနိုင်စွမ်းနှင့် ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများတိုးချဲ့ ဆောင်ရွက်သွားမည်။ကျေးရွာတွင် စိုက်ပျိုးရေး၊မွေး မြူရေး နည်းပညာများ ထွန်းကားလာရေးအတွက် စိုက်ပျိုးရေး၊မွေးမြူရေး သင်တန်းများတက် ရောက်ပြီး နည်းပညာ တိုးတက်လာအောင် ဌာနဆိုင်ရာများနှင့်ချိတ်ဆက်ဆောင်ရွက်သွားပါက ကျေးရွာတွင် ကိုယ်ပိုင်လုပ်ငန်းများတွင် အသုံးချကာ တိုးတက်စေပါမည်။

ခ.၂) ကျေးရွာတွင် အပ်ချုပ်၊ဇာထိုးပန်းထိုး၊မုန့်လုပ်နည်း၊ဆံပင်ညှပ် ၊စက်ပြင်၊မော်တော်ဆိုင်ကယ် ပြင်၊လက်လုပ်သင်တန်းများ တက်ရောက်နိုင်ပါက ပိုကောင်းပါသည်။

ခ.၃) ကျေးရွာတွင် စာသင်ကျောင်း ခြံစည်းရိုးကာရံပြီး ကျောင်းသား/သူများနှင့်ကျောင်းဝင်းသာယာ အောင် ဆောင်ရွက်သွားပါမည်။

ခ.၄) ကျေးရွာတွင် ကျေးရွာတွင်း လမ်းတံတားများ ဆောက်လုပ်ကာ ကျောင်းသား/သူ ရွာသားများ သွားလာ လွယ်ကူအောင် ဆောင်ရွက်သွားပါမည်။

## ၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာန ဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါမည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေး အစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့် အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျတ်ပမာဏပါဝင်သည့် နှစ်ပါတ်လည်ဖွံ့ဖြိုးရေးစီမံ ချက်ပြင်ဆင်ရန်ဖြစ်သည်။

### (ခ) စိုက်ပျိုးမြေများ ထိရောက်စွာ အသုံးချနိုင်ရေး

ကျေးရွာတွင်စပါးကို အဓိက စိုက်ပျိုးကြပါသည်။တောင်သူများအတွက် မျိုးသန့်နှင့်ရေ လုံလောက်မှု အသုံးမပြုနိုင်သာ အဓိကပြဿနာတစ်ရပ်ဖြစ်သည်။သက်ဆိုင်ရာ ဦးစီးဌာနမှ ဝန်ဆောင်မှုများကို မရကြသေးပါ။တောင်သူများအတွက် သီးနှံထွက်နှုန်းနည်းပြီး ဝင်ငွေလျော့နည်း မှုဖြစ်စေသည်။နည်းပညာနှင့်အသစ်သော ပညာရရှိပြီး အောင်မြင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာန ကဆောင်ရွက်ပေးဖို့ လိုအပ်ပါသည်။

### (ဂ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ

ကျေးရွာအတွက် ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲသော တောင်သူ၊အလယ်အလတ် တောင်သူနှင့်ရေချို ငါးဖမ်းပြီး စီးပွားရေးလုပ်နေသော သူများ အတွက် ချေးငွေရရှိရန် လိုအပ်ချက်များ စနစ်တကျ ပြောင်းလဲ ချသင့်ကြောင်းတွေ့ရပါသည်။အထူးသဖြင့် လယ်သမားများနှင့်အသေး

စားလုပ်ငန်းများ၊အသေးစားစီးပွားရေးလုပ်နိုင်ရန်အတွက် များပြားသော ချေးငွေများလိုအပ်ပါသည်။ကျေးရွာတွင် သမဝါယမ ချေးငွေအသင်းမှ လိုအပ်သော ရွာသူ/သားများအတွက် ချေးငွေ အစီအစဉ်ကို ဆောင်ရွက်ပေးဖို့လိုအပ်ပါသည်။

**(ဃ) ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဆိုင်ရာအထောက်အပံ့**

ကျေးရွာတွင်း စက်မှုလက်မှုလုပ်ငန်းများ ၊လူငယ်များနှင့်အမျိုးသမီးများအတွက် အလုပ်အကိုင်ရရှိရန် အခွင့်အလမ်းများ ရှိကြပါသည်။သို့သော်လည်း လုပ်ငန်းဆိုင်ရာ စီမံအုပ်ချုပ်မှုနည်းပညာ၊လုပ်နိုင်ဖို့ ငွေရေးကြေးရေး အားနည်းနေပါသည်။ကျွန်တော်တို့ ကျေးရွာအတွက် အသေးစားလုပ်ငန်းများ၊အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းသစ်များ ရရှိပြီး ကျေးရွာ တိုးတက်ဖွံ့ဖြိုးလာစေရေး အတွက် မြို့နယ် စီမံခန့်ခွဲရေးဌာနမှ ဝန်ဆောင်မှုရရှိရန် ဆောင်ရွက်ပေးဖို့ လိုအပ်ပါသည်။မြို့နယ်ဒေသမှ ကျေးရွာအထိ လိုအပ်သော စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှု အထောက်အကူပြုလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် လုံလောက်သော ရန်ပုံငွေလည်း ရရှိဖို့လိုအပ်ပါသည်။

**၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ**

ဗျူဟာဆိုသည်မှာ ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန် အကောင်ထည်ဖော်မည့်နည်းလမ်းဖြစ်သည်။ နည်းလမ်းဆိုသည်မှာ မည်သည့်စီမံချက်များကို မည်သို့အကောင်ထည်ဖော်မည် ဆိုသည့်သဘောပင်ဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ငါးနှစ်တာစီမံချက်ကာလအတွင်းပါဝင်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင် အထည်ဖော်မှု ဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

**(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်**

ကျေးရွာလူထုကငါးနှစ်တာအတွက် စီမံကိန်းရေးဆွဲစဉ်အချိန်ကဦးစားပေးအစီအစဉ်ချ ခဲ့သောစီမံကိန်းများသည်ငါးနှစ်တာလုံးအတွက်ပြီးပြည့်စုံပြီဟုမဆိုနိုင်ပါ။ ဦးစားပေးစီမံကိန်းအချို့ကို ရှေ့ပိုင်းနှစ်များတွင်ဆောင်ရွက်နေစဉ်နောက်ထပ်ဦးစားပေးစီမံကိန်းအသစ်များ ပေါ်လာပါမည်။ ပုံမှန်အားဖြင့် စံနှစ်တကျ ရေးဆွဲထားသောကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်မူဘောင်သည်သဘာဝ ဘေးအန္တရာယ်ဆိုးဆိုးဝါးဝါးမ ကျပါကပြောင်းလဲမှုသိသိသာသာမရှိနိုင်ပဲ နောက်တိုးဦးစားပေးစီမံကိန်းလုပ်ငန်းအချို့ကိုနှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ထည့်သွင်းခြင်းအား ဖြင့်အစဉ်သဖြင့်ငါးနှစ်တာစီမံချက်တစ်ခု အသင့် အနေအထားတွင် ရှိနေပါမည်။

## (ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်းများကိုမည်သည့်ဝန်ကြီးဌာန၊ဦးစီးဌာနနှင့်သက်ဆိုင်သည်ဟု လုပ်ငန်းကဏ္ဍ ဆိုင်ရာအရ ခွဲခြားခြင်း (Functional classification )နှင့်စီးပွားရေး အကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)ဟူ၍ နှစ်မျိုး ရှိသည်။

*လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)–* ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

*ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification)* တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။

## (ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

# ဦးစားပေးစီမံချက်များ

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ် ပေါင်း | ဦးစားပေး အဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| ***ပညာရေး*** | | | | | |
| ကလေးပညာ ဖွံ့ဖြိုးရေး | ၁။ ကျေးရွာ၏ပညာတတ်မြောက် တိုးတက်မြှင့်တင်ရေး | ၉၇ | ၁ | – ကိုယ်ထူကိုယ်ထမူလတန်းကျောင်းနှင့်အားကစားကွင်း တည်ဆောက်ခြင်း<br>–သောက်ရေလုံလောက်မှုရရှိရေး | |
| ***ကျန်းမာရေး*** | | | | | |
| ကျန်းမာရေး တိုးတက်လာစေ ရေး | ၂။ ကျေးရွာတွင်ကျန်းမာရေး ဆေးပေးခန်းရရှိရေး | ၇၆ | ၂ | – ကျေးလက်ကျန်းမာရေးဆေးပေးခန်းနှင့်ကျန်းမာရေး ဝန်ထမ်းရရှိရန်မြို့နယ်ကျန်းမာရေး ဦးစီးဌာနနှင့်ချိတ် ဆက်ခြင်း<br>– ယင်လုံအိမ်သာ များဆောက်လုပ်အသုံးပြုနိုင်ရန်ချိတ်ဆက် ခြင်း | |
| လမ်းပန်းဆက် သွယ်ရေး၊လမ်း၊ | ၃။ ပို့ဆောင်ရေးအခြေခံအဆောက် | ၇၃ | ၃ | - ကျေးရွာတွင် ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း | ကျေးလက် ဦးစီး |

| | | | | |
|---|---|---|---|---|
| တံတား ကောင်းမွန်လာ နိုင်ရေး | အဦးတိုးတက်လာစေရေး | | | |
| **မွေးမြူရေးနှင့်ရေလုပ်ငန်း** | | | | |
| ဈေးကွက်နှင့် နည်းပညာ သင်တန်း | ၄။ မွေးမြူရေးလုပ်ငန်းတိုးတက် ရေး | ၄၆ | ၄ | – ဈေးကွက်စွမ်းရည်မြင့်တင်ရေး<br>– ရေလုပ်သားများ တိုးချဲ့မြင့်တင်ရေးနှင့် လုပ်ငန်း ရရှိရေး |
| အခြားဝင်ငွေရ လုပ်ငန်းများ သင်တန်း၊စီးပွား ရေးလုပ်ငန်းများ | ၅။ အလုပ်အကိုင်အခွင့်အလမ်း များပြားလာစေရေး | ၄၅ | ၅ | - လုပ်ငန်းများနှင့်ဝင်ငွေနှင့်စီးပွားရေး လုပ်ငန်းများပြားမှုနှင့် နည်းပညာပေးသင်တန်းများ ပေးခြင်း |
| **ရေနှင့်ပတ်ဝန်း ကျင်သန့်ရှင်း ရေး**<br>သောက်သုံးရေ လုံလောက်စွာရ ရှိ ရေး | ၆။ ကျေးရွာသောက်သုံးရေကိစ္စ အဆင်ပြေစေရေး | ၄၃ | ၆ | –<br>- စက်ဖြင့်ရေတွင်းတူးဖော်ရေး<br>- ရွာသားများပူးပေါင်းပါဝင်ခြင်း<br>- ပုဂ္ဂလိက အလှူရှင်နှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးအဖွဲ့နှင့် ချိတ်ဆက်ခြင်း |
| ***ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှုလုပ်ငန်း*** | | | | |
| ချေးငွေလက် လှမ်းမီရေး | ၇။ သင့်တော်သော အတိုးနှုန်းထား ဖြင့်ကာလရှည်ချေးငွေပေးနိုင်မည့် အဖွဲ့နှင့်ချိတ်ဆက်ရေး | ၄၂ | ၇ | – ချေးငွေဝန်ဆောင်မှု အဖွဲ့များနှင့်ချိတ်ဆက်ခြင်း<br>– ကာလရှည်ချေးငွေကို အတိုးနှုန်းသက်သာချေးယူနိုင်သော အဖွဲ့များနှင့်ချိတ်ဆက်ပေးခြင်း |

| | | | | |
|---|---|---|---|---|
| *လျှပ်စစ်ဓါတ် အားသုံးစွဲရေး လျှပ်စစ်မီးရရှိရေး* | ၈။ မီးရရှိရေးချိတ်ဆက်ဆောင်ရွက်ခြင်း | ၄၀ | ၈ | - ကျေးရွာတွင် မီးလင်းရေးကော်မတီဖွဲ့စည်းရန်<br>- မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ တင်ပြခြင်း |
| *လူငယ်/ယဉ် ကျေးမှုနှင့်အားကစား* | | | | |
| လူငယ်များစွမ်းဆောင်ရည်တိုးတက်လာရေး | ၉။ လူငယ်များအား စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း | ၃၈ | ၉ | - အခြေခံကောင်းမှုသင်တန်း<br>- အဖွဲ့အစည်းစီမံခန့်ခွဲမှုသင်တန်း<br>- ဆက်ဆံရေးနှင့်ပွံ့ပိုးမှုတိုးတက်လာစေရေး သင်တန်း |
| ***စိုက်ပျိုးရေးကဏ္ဍ***<br>အခြေခံအဆောက်အဦးနှင့်နည်းပညာ | ၁၀။ စိုက်ပျိုးရေးဆိုင်ရာနည်းပညာဗဟုသုတ၊ကျွမ်းကျင်မှုများတိုးတက်ရေး | ၃၁ | ၁၀ | - မျိုးကောင်းမျိုးသန့်ရရှိရေး<br>- စပါးအတွက်တိုးပြီး ဈေးကွက်ဆန်းစစ်ခြင်းတန်ဖိုးမြင့်တင်ပြီးဈေးကွက်တက်လှမ်းခြင်း<br>- ရိတ်သိမ်းခြွေလှေ့စက်များငှားရမ်းနိုင်သောပုဂ္ဂလိကလုပ်ငန်းရှင်များနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း<br>- |

| | | | | |
|---|---|---|---|---|
| သင်တန်း | | | | |
| ***အုပ်ချုပ်ရေး ကဏ္ဍာ*** | | | | |
| အုပ်ချုပ်ရေး ကဏ္ဍာတိုးတက်မှု | ၁၁။ အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာစွမ်းရည်မြင့်တင်ပေးရေး | ၃၀ | ၁၁ | - ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း<br>- ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းဆောင်ရွက်ခြင်း<br>- ခေါင်းဆောင်မှုနှင့်ငွေကြေးစီမံခန့်ခွဲမှုသင်တန်းများစီစဉ်ခြင်း |

### (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့်ဦးစားပေးစီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

| စီမံချက် | အဆင့် | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ |
|---|---|---|---|---|---|---|
| ၁။ ကျေးရွာ၏ ပညာတတ်မြောက်မှုတိုးတက်ရေး | ၁ | —— | | | | |
| ၂။ ကျေးရွာ၏ ကျန်းမာရေးကဏ္ဍ တိုးတက် ရေး | ၂ | —— | —— | —— | | |
| ၃။ ပို့ဆောင်ရေးနှင့်လမ်းတံတားကောင်းမွန်တိုးတက်ရေး | ၃ | —— | —— | | | |
| ၄။ မွေးမြူရေးလုပ်ငန်းနှင့်ရေလုပ်သားများတိုးတက်လာရေး | ၄ | —— | —— | —— | —— | |
| ၅။ အလုပ်အကိုင်အခွင့်လမ်းများပြားလာစေရေး | ၅ | —— | —— | —— | —— | —— |
| ၆။ ကျေးရွာ သောက်သုံးရေကိစ္စအဆင်ပြေစေရေး | ၆ | —— | —— | —— | —— | —— |

## ၉။ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ(indicative)အဖြစ် ကိုးကားရန်သာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မီတီသည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းရှင်များထံမှ ဘတ်ဂျတ် အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ လုပ်အား၊သဲ၊ကျောက်၊ ပစ္စည်းကိရိယာ၊အချိန် စသည်)

**စီမံချက်ဘတ်ဂျတ်**

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန် အသုံး စရိတ် | ငွေလုံးငွေရင်း အသုံးစရိတ် | | လူသားချင်း စာနာမှု ဆိုင်ရာ ထောက်ပံ့မှု |
| | | | | ငွေလုံး ငွေရင်းအ သုံးစရိတ် | စွမ်းဆောင် ရည်မြှင့် တင်ရေး | |
| ၁ | လမ်းပန်းဆက်သွယ်သွယ်ရေးတိုး တက် ကောင်း မွန် အောင် ဆောင် ရွက်ခြင်း | | | √ | | |
| ၂ | ကလေးပျော်၍ ဘက်စုံ တော်စေ သည့်ကျောင်း အဖြစ် ဖန်တီး တည် ဆောက်ခြင်း၊ | | | √ | | |
| ၃ | စိုက်ပျိုးရေးလုပ်ငန်းများမှ ဝင်ငွေ တိုး တက်ရရှိရေး။ | | | √ | | |
| ၄ | ထိရောက်သည့် ကျန်းမာရေး ဝန် ဆောင်မှုရရှိရန် ဆောင် ရွက်ခြင်း | | | √ | | |
| ၅ | သက်မွေးဝမ်းကျောင်းနည်းပညာသင် တန်း များ ပို့ချပေးခြင်း၊ | | | | √ | |
| ၆ | ကျေးရွာအဖွဲ့အစည်းများ စွမ်းရည် | | | | √ | |

| | | | | | | |
|---|---|---|---|---|---|---|
| | မြှင့်အစီအစဉ် များ လုပ်ဆောင်ခြင်း | | | | | |
| ၇ | မွေးမြူရေးဆိုင်ရာ ဝန်ဆောင်မှု များ ရရှိရန်ဆောင်ရွက်ခြင်း | | | √ | | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုကျေးရွာလူထုကဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့်လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာကျေးရွာတွင်တာဝန်ရှိပါသည်။

### (၁၀-၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကိုအထိရောက် ဆုံးအကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး ကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည်ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေး ကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ် လမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

### (၁၀-၂) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များကဖွံ့ဖြိုးရေးစီမံကိန်းများအကောင် အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်းအခြား သော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သောအကူအညီများရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်းအထောက် အကူပြုလမ်းအဆင့်မြှင့်တင်ရန်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများရယူရပါမည်။

### (၁၀-၃) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိပ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင် ဖေါ်ပြထားသောသတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီးလုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန်တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီကတာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသောကော်မတီကိုဦးဆောင်၍ မြို့နယ်ဌာ နဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

### ၁၀.၄ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာအစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှအသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကိုဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့် ပစ္စည်းများ၏ပမာဏကိုကန့်သတ်ခြင်းကဲ့သို့သောစည်းကမ်းများသတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အားတာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင် ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့်ဆောင်ရွက်ပါမည်။

### ၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖေါ်ရာတွင် တိုးတက်မှု အခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေး

အကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်သောနည်းလမ်းကိုလက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကိုကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ ၊ အိမ်ထောင်စုများ တက်ကြွစွာအတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သောအဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်းများတည်ဆောက်ပါမည်။

**(၁၁-၁) ကြီးကြပ်စစ်ဆေးခြင်း(Monitoring)**

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်; ဆိုင်ရာတိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု(financial progress) တို့ကိုစနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကိုကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသောအဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့ တာဝန်ကျရာကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက်အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံသတင်းအချက်အလက်များပေါ်မူတည်၍ တိုးတက်မှုကိုတိုင်းတာသည့် အညွှန်းကိန်း (indicator)ကိုတည်ဆောက်ရ ပါမည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၄င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ(monitoring report)ကိုရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက် ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကိုကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု( Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သောအဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့်နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သောအရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကို အဓိကထားဖော်ပြပါမည်။ ၎င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့်အစီအစဉ်များ၊ လိုအပ်သောအကူအညီ အထောက် အပံ့များ စသည်တို့ ပါဝင်ပါမည်။ယင်းအခြေခံသတင်းအချက်အလက်များပေါ်မူတည်၍ တိုးတက်မှုကိုတိုင်းတာသည့် အညွှန်းကိန်း (indicator)ကိုတည်ဆောက်ရ ပါမည်။

## (၁၁-၂ ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ ဆောင်ရွက်သောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါ အဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်းဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ စသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သောအခွင့်အလမ်းကိုလည်းရရှိပါမည်။

ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

## ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

### (၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

### (၁.၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | စုစုပေါင်း၏% |
|---|---|---|---|---|---|
| ၁ နှစ်အောက် | နို့စို့အရွယ် | ၃ | ၁ | ၄ | ၂% |
| ၁ နှစ်မှ ၅နှစ်အောက် | ၅နှစ်အောက်ကလေးငယ် | ၁၆ | ၉ | ၂၅ | ၁၃% |
| ၅ နှစ်မှ ၉နှစ်အထိ | မူလတန်းကျောင်းသားအရွယ် | ၁၄ | ၅ | ၁၉ | ၁၀% |
| ၉ နှစ်အထက်မှ ၁၄နှစ် အထိ | အလယ်တန်းကျောင်းသား အရွယ် | ၁၈ | ၁၁ | ၂၉ | ၁၆% |
| ၁၄ နှစ်အထက်မှ ၆၀နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၄၅ | ၅၂ | ၉၇ | ၅၂% |
| ၆၀ နှစ်နှင့် အထက် | သက်ကြီးရွယ်ကြီး | ၆ | ၆ | ၁၂ | ၇ |
| **စုစုပေါင်း လူဦးရေ** | | **၁၀၂** | **၈၄** | **၁၈၆** | **၁၀၀** |
| **စုစုပေါင်း အိမ်ထောင်စု - ၃၈** | | **တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေ - ၄** | | | |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် တစ်အိမ်ထောင်ရှိပျမ်းမျှလူဦးရေမှာ ၄ဦးသာရှိပြီး မြန်မာနိုင်ငံ၏ တစ်အိမ်ထောင်ရှိပျမ်းမျှလူဦးရေစံနှုန်း ၅ ဦးထက် လျော့နည်းနေပါသည်။

### (၁.၂) အလုပ်လုပ်နိုင်သူ အင်အား

### (၁.၂.၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
